# နေရောင်ခြည်လို



# နွေး



(မတိမ်မြာ)

ayemya_yeik

## အခန်း (၁)

" နေသက်နွေး ခဲတံကို ကိုက်နေပြန်ပြီလား"

ဆရာမရဲ့ အသံသွားရာဆီကို ကလေးတွေအားလုံး လှည့်ကြည့်လိုက်ကြတဲ့အခါ ပိန်လှီနေတဲ့ ကောင်ငယ်လေး တစ်ယောက်သည် ကျောင်း၏ နောက်ဆုံးတန်းမှာ ခဲတံဖင်ကို ကိုက်ခဲထားပြီး တစ်ချက်တစ်ချက် သူ့ခေါင်းလေးကလည်း စောင်းစောင်း သွားတတ်သေးသည်။

ဆရာမရဲ့ပြောသံကို မကြားသလို မျက်လုံးတွေက အောက်ကိုသာ စိုက်ချထားပြီး ခဲတံကို တင်းနေအောင် ကိုက်ခဲထား၏။

ပြီးတော့ သူ့ခေါင်းလေး ဆက်ခနဲ ထပ်စောင်းသွားပြန်သည်။

၁၂နာရီ ထိုးထမင်းစားဆင်းချိန်မှာ ကလေးတွေ အားလုံးက ဝရန်းသုန်းကား ကျောင်းပေါက်ဝဆီကို ပြေးလွှားကြတဲ့အခါ တုံ့နှေးနှေး ကောင်လေးကို ဝင်ဝင်တိုက်သွားတတ် ကြသေး၏။

ကောင်လေးသည် ကျောပိုးအိတ် လက်ကိုင်အား ဆုပ်ကိုင်ထားပြီး ဘာတစ်ခွန်းမှ ပြောဆိုခြင်းမရှိ။

အဝေးတစ်နေရာက ကျောင်းသားလေး တစ်ယောက်ကို မြင်တဲ့အခါ မျက်လုံးသေလေးထဲ ပျော်ရွှင်ရိပ်လေး ပြေးလွှားသွားပြီး သူ့ခေါင်းလေး ဆတ်ခနဲ စောင်းသွားပြန်သည်။

'' သက် .... သက်စွေ .... ကို .... ကိုကို ဗိုက်ဆာတယ် "

နေသက်နွေးနဲ့ ရုပ်ချင်းခပ်ဆင်ဆင် ကောင်လေးက မျက်နှာပျက်သွားပြီး

ဘေးဘီကို မလုံခြုံသလိုလေး တစ်ချက်ဝေ့ကြည့်လာချေသည်။

နေသက်နွေးထက်စာရင် အဲ့ကောင်လေးရဲ့ အဝတ်အစားတွေက ပို သစ်လွင်ပြီး သန့်သန့်ပြန့်ပြန့် ရှိ၏။

" အိမ်ပြန်စား၊ ဒါငါ ငါ့သူငယ်ချင်းတွေနဲ့ အတူစားမှာ "

နေသက်နွေး၏ ခေါင်းလေးမှာ ဆတ်ခနဲထပ်စောင်းသွားပြီး သူ့ရှေ့က ကျောင်းသားလေးကို ထပ်ပြော၏။

" ကို .... ကိုကိုနဲ့ တူ တူတူစားမယ် "

" သွားစမ်း .... မင်းငါ့ကိုလမ်းမှာ တွေ့ရင်မခေါ်နဲ့လို့ ပြောထားတယ် နော်.... ခေါ်လို့ကတော့ အိမ်ပြန်ရောက်ရင် မင်းအသေပဲ "

နေသက်နွေး တွန့်ခနဲ ဖြစ်သွားလေသည်။ သူ့ခေါင်းလေးက မဝံ့မရဲလေး ထပ်စောင်းသွားပြီး သစ်လွင်တောက်ပတဲ့ ကျောင်းဝတ်စုံတွေနဲ့ သူငယ်ချင်း တွေဆီ ပြေးလွှားသွားနေတဲ့ သူ့ညီလေးကို ငေးကြည့်နေ၏။

ခေါင်းကိုငုံ့ပြီး လက်မရဲ့ ဒေါင့်စွန်းလေးကို တစ်ဖက်လက်မနဲ့ ပွဲသွား မတတ် ကုတ်ခြစ်နေရင်း နေသက်နွေး တိုးတိုးလေးပြောမိသည်။

" အိမ် အိမ် ပြန်တဲ့ လမ်းကိုမသိဘူး "

ဗိုက်ထဲက တဂွီဂွီမြည်နေတဲ့အသံနဲ့အတူ တဖြည်းဖြည်း ဝေးကွာသွားတဲ့ ညီလေးကို ကြည့်ပြီး မျက်စံတွေ ဂနာမငြိမ်ဖြစ်လာပြီး သူတိုးတိုးလေး၊ ထို စကားကိုပဲ ထပ်ကာ၊ ကပ်ကာ ပြောနေလေသည်။

နေသက်နွေးနဲ့ မိုးသက်စွေက ညီအစ်ကိုတွေ ဖြစ်ပေမဲ့ ကွာဟမှုတွေက မိုး နဲ့မြေလို ကွာခြား၏။

ဥာဏ်ရည်အားနည်းတဲ့ ကလေးတစ်ယောက်နဲ့ ပုံမှန်ကလေးတစ် ယောက်ကို ပြုစုပျိုးထောင်တဲ့ နေရာမှာ ပုံမှန်အနေထားရှိတဲ့ မိုးသက်စွေက

နေ သက်နွေးထက် အရာရာ ပိုသာခဲ့သည်။

တစ်ယောက်နဲ့တစ်ယောက် သုံးနှစ်ကွာကြပေမဲ့ လူကောင်ချင်း၊ အရပ်ချင်းကအစ မိုးသက်စွေက နေသက်နွေးကို ကျော်တက်သွားခဲ့တာဖြစ်သည်။

မိုးသက်စွေဝတ်လို့ နွမ်းလျှသွားတဲ့ ကျောင်းဝတ်စုံတွေက ရှစ်တန်းကနေ ထပ်မတက်တော့ နေသက်နွေးအတွက်ပဲ ဖြစ်၏။ ထိုအချိန်တွင် ပိုသွက်တဲ့ မိုးသက်စွေကတော့ ဆယ်တန်း ကျောင်းသားတစ်ယောက် ဖြစ်နေခဲ့ပြီ။

နေသက်နွေးရဲ့ ပုံစံကြောင့် 'ရှက်တယ်'ဆိုတာကြောင့် အပြင်မှာ မတွေ့ရင် ဘယ်တော့မှမခေါ်ဖို့ သူတို့အမေ နေသက်နွေးကို ဆူပူခဲ့ဖူးသည်။

နေသက်နွေး သူ့ညီလေးကို လမ်းမှာမြင်ရင် ခေါင်းလေး စောင်းသွားပြီး ကုတ်ကုတ်လေး ဖြစ်သွားတတ်၏။

ညနေစောင်းလို့ လေးနာရီထိုးမှ ကျောင်းကဆရာ လိုက်ပို့ပေးတဲ့ နေသက်နွေးကို ကြည့်ပြီး မိုးသက်စွေကတော့ မျက်နှာမဲ့သွားချေသည်။

" စောက်ရူး "

ဒေါ်မိုးမြတ်စံက မိုးသက်စွေနည်းနည်း ရိုင်းတာကို သိပေမဲ့ အရွဲ့တိုက်မှာ စိတ်ပူပြီး အထွေအထူး ဆူပူတာမျိုး မရှိကြဘူးချေ။ နေသက်နွေးကလည်း သူ့သားပဲ သူချစ်ပါတယ်။ ဒါပေမဲ့။

'' သက်နွေး အိမ်ပြန်တဲ့လမ်းကို အခုထိမမှတ်မိသေးဘူးလား၊ မင်းအသက် ဘယ်လောက်ရှိပြီ ထင်နေတာလဲ၊ သုံးနှစ်ကလေးလေးတောင်မင်းထက်အသိဉာဏ်ရှိတယ် "

ကုလားထိုင်ပေါ် သတင်းစာဖတ်နေတဲ့ အဖေလုပ်သူထံက စကားကို ကြားတဲ့အခါ နေသက်နွေး ကိုယ်လေးကြုံ့ပြီး ခေါင်းလေး စောင်းလိုက်မိချေ

သည်။

"ကဲ တော်ပြီ၊ ထမင်းသွားစားတော့...."

ဒေါ်မိုးမြတ်စံရဲ့ ဟန့်တားမှုကပဲ မိုးသက်စွေတို့ သားအဖရဲ့ ပြစ်တင်မှုတွေကို တားဆီးလိုက်နိုင်တာ ဖြစ်၏။

အမေလာချပေးတဲ့ ထမင်းပန်းကန်ထဲ ထည့်ထားတဲ့ ဟင်းတစ်တုံးကို ဇွန်းနဲ့ဖဲ့နေရင်း နေသက်နွေး အမြင်တွေ ဝေဝါးလာတယ်လို့ ခံစားနေရသည်။

သူလည်း အိမ်ပြန်လမ်းတွေကို မမေ့ချင်ပါချေ။ တအခြားကလေးတွေလိုပဲ သူလည်း ပျော်ပွဲစားတွေ၊ ကျောင်းက ပွဲတွေမှာပါဝင်ချင်ပေမဲ့ အားလုံးကို သူ့အား အရေးမလုပ်ကြ။

ထမင်းကို ငုံ့စားနေရင်း ခေါင်းတစ်ချက် အစောင်းမှာ မျက်ရည်တစ်ပေါက်က ငြိမ်သက်စွာပဲ ဆင်းသက်၏။

မိုးသက်စွေကို အလည်မှာထားပြီး အတူတူ ဝိုင်းဖွဲ့ တီဗွီကြည့်နေတဲ့ မိသားဝင်သုံးယောက်ရဲ့ ရယ်သံတွေကြားမှာ နေသက်နွေးရဲ့ အားငယ်ဝမ်းနည်းမှုတွေက အမြစ်စတင် တွယ်ယှက်လာခဲ့သည်။

သူ တစ်ခါလောက် အဖေ့ဆီကချီးကျူးတာ ခံဖူးချင်တယ်။

ကျောင်းပိတ်ရက်မို့ အခန်းထဲ ထိုင်နေတုန်း ဘေးအိမ်က အဒေါ်ကြီးနဲ့ အမေ့ရဲ့စကားတွေကို နားထောင်မိသည်။

''သက်နွေးကို ကျောင်းမထားပါနဲ့တော့၊ သူ့အတွက်က ပညာအစုံမှ မလိုတာ၊ ရေးတတ်ဖတ်တတ်ရင် ရပြီလေ၊ အဲ့အစား အလုပ်ဘာလေး ထွက်လုပ်ခိုင်း။ ညည်းသား အငယ်ကတော်တယ်၊ နောင်ရေးကို စိတ်မပူရဘူး "

နေသက်နွေးတို့ မိသားစုက သာမန်လူတန်းစားတွေ ဖြစ်ကြပြီး၊ အရစ်ကျ

ဝယ်ထားတဲ့ ယိုးဒယား ဆိုင်ကယ်လေးတစ်စီးလည်း ပိုင်၏။

သူ့အဖေရဲ့ အလုပ်ကရတဲ့ လစာငွေက သူတို့ညီအစ်ကိုရဲ့ ကျောင်းစရိတ်နဲ့ အိမ်စားရိတ်ကို ဖူလုံစေတယ်ဆိုတာ အမေ့ရဲ့ ယိုဖိတ်မှုမရှိစေတဲ့ ထိန်းသိမ်းမှုတွေကြောင့်လည်း ပါဝင်၏။

အိမ်နံရံလေးကို ကျောမှီရင်း အမေ့အဖြေကို စောင့်ဆိုင်းနေမိသည်။ လေးပင်တဲ့ သက်ပြင်းချသံကို ကြားပြီးနောက်မှတော့ ရှင်းလင်းတဲ့အဖြေ တစ်ခုကို ကြားလိုက်ရသည့်နှယ် နေသက်နွေး ဒူးနှစ်ဖက်ကြားခေါင်းကို အပ်ထည့်ထားလိုက်မိသည်။

" ကျွန်မလည်း ထပ်မထားချင်တော့ပါဘူး။ အကိုကလည်း ထုတ်ခိုင်းနေတာ ကျွန်မက ကလေးက နေချင်နေသေးတယ်ထင်လို့"

" အိုး သူကဘာသိမှာလဲ.... "

ညခင်းဘက် မိသားစု စကားဝိုင်းမှာ နယ်ဘက်ပို့မယ်ဆိုတဲ့ စကားကနေသက်နွေးရဲ့ ခပ်ယဲ့ယဲ့ အိပ်မက်လေးကို အားနဲ့မာန်နဲ့ ရိုက်ချိုးခံလိုက်ရသလိုပါပဲ။

သူ ကျောင်းဆရာတစ်ယောက် ဖြစ်ချင်တယ်။

ရင်းနှီးတဲ့ လူတွေကြားမှာ တကာလပတ်လုံး နေထိုင်ခဲ့ပြီး မသိတဲ့အရပ်ကို သွားနေရမယ်ဆိုတဲ့ အသိ နေသက်နွေးရဲ့ တစ်ကိုယ်လုံး တုန်ယင်စေသည်။

" မ.... မသွား မသွားချင်ဘူး "

" အန်တီမြင့်တို့ကို သိတယ်မှတ်လား၊ သဘောကောင်းကြတယ်လေ၊ ဆန်စက်က အလုပ်သမား စာရင်းကိုလုပ်ပေးရုံပဲ "

သူ့သဘောထားကို ဂရုမထားပဲ တခြားအကြောင်းအရာ တစ်ခုကို ပြော

နေတဲ့ အမေ့ပုံစံကို ကြည့်ရင်း နေသက်နွေး ရင်ဘတ်တွေထဲက တအားနာတာပဲ။

***

## အခန်း (၂)

ကားလေးက တငြိမ့်ငြိမ့်နဲ့ မောင်းနှင်သူရဲ့ စေရာအတိုင်းသွားနေသည်။ အိမ်ခြံအပြင်ကနေ စထွက်ကတည်းက လိုက်တက်လာတဲ့ ဝမ်းနည်းသိမ်ငယ်မှုတွေက အမြင်တွေကို ဝေဝါးစေ၏။

ခေါင်းလေး ဆတ်ခနဲ စောင်းသွားတဲ့အခါ တစ်ဖက်မှာ မိုးသက်စွေနဲ့ အတူထိုင်နေတဲ့အမေ့ကို မြင်လိုက်ရသည်။

အမေကပုံမှန် အမျိုးသမီးတစ်ယောက်ဆိုပေမဲ့ နေသက်နွေးအတွက်တော့ သိပ်လှတဲ့ ပန်းလေးလိုပင်။ အမေ့ရဲ့မျက်တောင် ကော့ကော့လေးတွေက သူနဲ့တူတယ်လို့ပြောရင် သိပ်ပျော်၏။

မိုးသက်စွေကတော့ မိန်းမဆန်သည်တဲ့။

အဖေလစာအပ်တိုင်း အမေက သက်ပြင်းချလေ့ရှိသည်။ အပူလုံးကြီး ကျသွားသလိုမျိုး။ ဒီလိုမျိုး အထောက်အကူ ရတော့မယ်ဆိုတာတွေးမိတော့ ဝမ်းနည်းနေရင်း နည်းနည်းလေး ပျော်မိသေးသည်။

မေးခနဲ ပျော်ပြီး တစ်ရေးနိုးတော့

' ရှမ်းကျင် မြို့နယ်မှကြိုဆိုပါ၏ ' ဆိုတဲ့မြို့အဝင် ဆိုင်းဘုတ်လေးကို မြင်လိုက်ရလေသည်။

မြို့လေးသည် သာယာ၏။

ကားက အိမ်ကြီးတစ်အိမ်ရဲ့ ရှေ့မှာ တုံ့ခနဲ ရပ်သွားလေသည်။ အိမ်ကြီးက အောက်ထပ်မှာ အုတ်ပတ်ကာ တပ်ထားပြီး အပေါ်ထပ်ကတော့ ပျဉ်

ထောင်ကာ အိမ်ကြီးတစ်လုံးဖြစ်ပြီး ခြံဝင်းက တကယ်ကို ကျယ်လွန်းသည်။

ရွှေအပြည့်ဝတ်ထားတဲ့ အမေ့အရွယ် အမျိုးသမီးကြီး တစ်ယောက်က ခပ်ပြုံးပြုံးနဲ့ ထွက်လာပြီး ကြိုဆို၏။

" မမမြင့် နေကောင်းတယ်နော်၊ ညီမတို့လည်း အိမ်ထောင်တွေကျပြီးကတည်းက မတွေ့ဖြစ်တာ၊ အကိုကတော့ မမတို့အကြောင်း အမြဲပြောနေတာရယ် "

ထိုအမျိုးသမီးကို မြင်ဖူးတယ်လို့ တွေးမိပေမဲ့ မှတ်ဉာဏ်ထဲ ရှာဖွေလို့မရခဲ့။

" ဒီကလေးလား မိုးထားခဲ့ချင်တာ "

တစ်စုံတစ်ယောက်ဆီက အာရုံစိုက်ခြင်း ခံရပြီဆိုရင် နေသက်နွေးရဲ့ကျောလေးက မတ်သွားပြီး လက်အချင်းချင်း ပူးကပ်သွားတတ်သည်။

" ဟုတ်တယ် မမမြင့်ရေ၊ လုပ်အားခတွေ ဘာတွေ မပေးရင်လည်းရတယ်၊ အဓိကက သူ့ကို လူရည်လေးလည်စေချင်တာ "

အဲ့တာက မလိုအပ်တဲ့ ပစ္စည်းတစ်ခုကို သူတစ်ပါးလက်ထဲ အတင်းအပ်နေသလိုမျိုး ဖြစ်ကာ၊ လုပ်အားခလေး ပြန်အပ်ပြီး အမေ့ကို ပျော်စေချင်တဲ့ သူ့ရဲ့လတ်လတ်ဆတ်ဆတ် အိပ်မက်ကလည်း ညှိုးရော်သွားခဲ့ရပြန်သည်။

" စိတ်ချပါ၊ စက်မှာက စာရေးမလေးက ယောကျ်ားယူသွားတော့ လူလိုနေတာ၊ အတော်ပဲပေါ့ မိုးရယ် "

အမေက သက်ပြင်းချ၏။ တာဝန်တစ်ခု ပြီးမြောက်သွားသလိုမျိုး။

" အ.... အမေ အမေ.... "

နောက်ကနေ ပြေးလိုက်သွားတဲ့ နေသက်နွေးရဲ့ပုံစံက သူငယ်တန်း စတက်စကလေးလေး ကျောင်းမှာ မနေချင်လို့ အမေနောက်ပြေး လိုက်နေ

သလိုပဲ။

နေသက်နွေးသည် တော်တော်လေးပိန်တာ ဖြစ်၏၊ မျက်လုံးဝိုင်းဝိုင်းတွေနဲ့ မျက်တောင် ကော့ကော့လေးတွေက မျက်နှာအစိတ်ပိုင်းတွေကို ပိုပြီး နူးညံ့သွားစေသည်။

ခေါင်းလေးကလည်း ဆက်ခနဲ၊ ဆက်ခနဲစောင်းရင်း ငိုမဲ့မဲ့ဖြစ်နေတဲ့ နေသက်နွေးရဲ့ပုံစံက အသည်းမာတဲ့ လူတောင်မှ ပွေ့ဖက်ချော့မောချင်လောက်အောင် သနားစရာကောင်းနေလေသည်။

" ဟော့ရောင် ငိုမနေနဲ့ လူတွေကြည့်နေတာမင်းမရှက်ဘူးလား...."

အံကိုကြိတ်ရင်း သွားကြားထဲက ထွက်တဲ့လေသံနဲ့ မိုးသက်စွေက နေသက်နွေးကို ဟိန်းဟောက်လာ၏။

" ကိုကို .... ကိုကို မ.... မနေခဲ့ချင်ဘူး "

အထစ်ထစ် အငေါ့ငေါ့ ထွက်လာတဲ့ နေသက်နွေးရဲ့အသံက တုန်တုန်ယင်ယင်။

" သား သက်နွေး၊ မဆိုးရဘူးလေကွယ်၊ အမေတို့ မကြာ မကြာလာကြည့်မှာပါ "

နေသက်နွေး သူ့အမေရဲ့ လက်ဖဝါးကို လက်နှစ်ဖက်နဲ့ တင်းနေအောင်ဆုပ်ထားပြီး ခေါင်းကိုခါပြ၏။

သိတယ်၊ အမေအကြာကြီးနေမှ သူ့ကို လာတွေ့မယ်ဆိုတာကို။

အခြားလက်တစ်ဖက်နဲ့ နေသက်နွေးရဲ့ လက်တွေ အမေကဖြုတ်ချတယ်၊ ပြီးတော့ ဆံပင်တွေဖွဖွလေး သပ်ပေးလာသည်။

စကားလုလုတွေနဲ့ ကျောခိုင်းထွက်သွားတဲ့ မိသားစုဝင်နှစ်ယောက်ကို ကြည့်ပြီး နေသက်နွေး ရှိုက်မိလိုက်၏။

သူက ဘယ်သူမှ မလိုချင်တော့လောက်အောင် စိတ်ပျက်ဖို့ ကောင်းလို့လား။

"ဒီအခန်းမှာနေနော်၊ ဘေးအခန်းက ကိုကိုကြီးရဲ့အခန်း၊ သူ့တော့ သွားမရှုပ်နဲ့နော် အဲ့ကောင်စုတ်လေးက လူကသာကလန်ကလား စိတ်ကလက်တစ်ဆစ်"

အန်တီမြင့်က အဲ့လိုတွေသာ ပြောနေပေမဲ့ သူ့အသံလေးက ပျော့ပျောင်းလျက်ရှိကာ၊ အပြစ်တင်တဲ့ လေသံမျိုး လုံးဝမဟုတ်။

အန်တီမြင့် အခန်းထဲက ထွက်သွားတဲ့အခါ နေသက်နွေး သူ့အဝတ်ထုပ်တွေက စတင်ဖြည်လိုက်သည်။

အဝတ်တွေကို ဒေါင့်တွေ သေချာညီညာပြန့်ပြူးအောင် ခေါက်ပြီး၊ အစွန်းလေးတွေ ညီအောင် တန်းစီတင်ထား၏။

အိပ်ရာခင်းတွေကိုလည်း ဆန့်နေအောင် ခင်းပြီး ခြင်ထောင်ကိုလည်း ခြေရင်း၊ ခေါင်းရင်းခွဲပြီးမှ ထောင်လေ့ ရှိသည်။

သူ့ရဲ့လှုပ်ရှားမှုတွေက ဓာတ်ခဲအားကုန်နေတဲ့ စက်ရုပ်တစ်ရုပ်လို နှေးကွေးနေပေမဲ့ အပို၊ အလိုမရှိ သိပ်ကို တိကျသေသပ်၏။

သေးငယ်တဲ့ အခန်းပြင်ဆင်မှုလေးနဲ့တင် အချိန်တော်တော် ကုန်ဆုံးသွားခဲ့သည်။

သူ့အခန်းရဲ့ ပြတင်းပေါက်ကနေ ကျော်ကြည့်ရင် ရေချိုးတဲ့နေရာကို မြင်ရ၏။ နေသက်နွေး ရေချိုးရမဲ့ နေရာကိုမြင်တော့မှ ရေချိုးရမယ်ဆိုတာကို သတိရလိုက်သည်။

ရေချိုးတဲ့နေရာမှာ စဥ့်အိုးတစ်လုံးနဲ့ ကျောက်ပြားအဝိုင်းလေး ခင်းထားလေသည်။ ရေတုန်ငင် အပုလေးမို့ နေသက်နွေးအတွက် အဆင်ပြေ၏။

နေသက်နွေးရဲ့အသားကသိပ်ဖွေးတာ၊ လက်ရှည်တွေပဲ ဝတ်လေ့ရှိပြီး အပြင်ထွက်လေ့ မရှိတာကြောင့် ဖြူဖွေးပြီး သိပ်နူးတဲ့နေတာမျိုးလေး။

" ဘယ်သူတုန်း "

ဩရှပြီး စိတ်မရှည်ဟန်ပါတဲ့ အသံကြောင့် နေသက်နွေးတစ်ကိုယ်လုံး တုန်တက်သွားရ၏။

သူလှည့်ကြည့်လိုက်တော့ လူတစ်ယောက် ရပ်နေပြီး အဲ့လူကပုဆိုးကို တိုတိုဝတ်ထားပြီး အဝတ်တွေကို ပိုက်ထားလေသည်။

အပေါ်ပိုင်းမှာ အဝတ်မပါတာကြောင့် ထင်ရှားနေတဲ့ ညှပ်ရိုးဖွဖွတွေ၊ ဗိုက်သားတွေ ပြီးတော့ လည်ပင်းမှာ ဆွဲထားတဲ့ပရိတ်ကြိုးဝါဝါလေး။

" သားရေ အရမ်းငေါက်မနေနဲ့ အဲ့တာအမေပြောတဲ့ ကောင်လေး "

အိမ်ထဲကနေ အန်တီမြင့် လှမ်းအော်လိုက်တာကြောင့် သူ့ရှေ့က လူရဲ့ အမူအရာက တစ်မျိုးပြောင်းသွားလေသည်။

နွေသက်နွေးရဲ့ ခေါင်းလေးက စောင်းသွားပြီး လမ်းဖယ်ပေးရှာ၏။

" မင်းအရင်လုပ် "

" ရ...... ရ.... ရ.... "

ပုံမှန်အတိုင်းတောင် စကားထစ်တာကြောင့် စိတ်လှုပ်ရှားပြီး ကြောက်တဲ့အခါ နေသက်နွေးရဲ့ စကားတွေက အဓိပ္ပာယ်ဖော်ရန်ပင် ခက်ခဲလာချေသည်။

ကိုယ်ကိုကြုံ့ပြီး ခေါင်းတစ်ချက် စောင်းသွားပြီးနောက်မှာ နေသက်နွေး ငိုချင်လာသည်။

သက်စွေဆိုဒီလိုဖြစ်ရင်တအားအော်တာ။

" ရ...... ဘာရတာလဲ၊ စကားပြောရင်ဆုံးအောင်ပြောလေ "

အသံကတင်းနေပေမဲ့ဆူငေါက်နေတာမျိုးမဟုတ်ပဲ၊ သင်ပြနေတဲ့ဆရာတစ်ယောက်ရဲ့အသံမျိုး။

သူစကားထစ်တိုင်း သက်စွေရော အဖေရော အမြဲတမ်း"တော်တော့ သိပြီ " ဆိုပြီး ဖြတ်ချလေ့ရှိသည်။

" ကျော်ဇေယံထွဋ်ရှုရေ ဒည့်သည်လာတယ် "

အဝတ်တွေကို ကျောက်ပြားပေါ် လှမ်းပစ်တင်ရင်း ခြေလှမ်းမှန်မှန်နဲ့ ထွက်သွားမှပဲ နေသက်နွေး သက်ပြင်းချရဲ၏။

ကျောက်ပြားပေါ်က အဝတ်တွေကို ကြည့်လိုက်တော့ ဆရာဝန်တွေ ဝတ်လေ့ရှိတဲ့ အစိမ်းရောင် ဝမ်းဆက်တစ်စုံပင် ဖြစ်သည်။

နေသက်နွေး အခန်းလေးထဲ ကုတ်ကုတ်လေး ထိုင်နေရင်း မိုက်ဆာတဲ့ ဒဏ်ကို လူးလှိမ့်ခံနေရသည်။

အိမ်ကို သတိရတာရော၊ ဗိုက်ဆာတာပါပေါင်းပြီး မျက်လုံးဝိုင်းဝိုင်းမှာ မျက်ရည်ကြည်တွေ ရစ်သိုင်းလာ၏။

ဒီအချိန်ဆို အမေရယ်၊ အဖေရယ်၊ သက်စွေရယ် ထမင်းဝိုင်းမှာ တစ်နေ့တာ ဖြစ်ပျက်ခဲ့တာတွေ ပြောရင်း ရယ်မောနေလောက်ပြီ ဖြစ်သည်။

စိတ်ညစ်စရာ အကြောင်းတွေကို ဖယ်ကြဥ်ပြီး ရယ်စရာတွေချည်း ပြောကြမှာဖြစ်ပြီး၊ အဲ့စကားဝိုင်းထဲ သူ့အကြောင်းမပါဘူးဆိုတာ သေချာသလောက်ပါပဲ။

" ဟေး ကောင်လေးအိပ်ပြီလား၊ ထမင်းလာစားလေ "

အခန်းထဲဝင်လာပြီး ဒေါင့်လေးမှာ ကပ်ထိုင်နေတဲ့သူ့ကို မြင်တော့ အဲ့လူက မျက်မှောင်ကုတ် သွားလေသည်။

ခေါင်းစောင်းစောင်း သွားတတ်တဲ့ အကျင့်က ထွက်ပေါ်လာပြီး ဆက်ခနဲ

စောင်းပြီးနောက်မှာ မော့ကြည့်လိုက်မိ၏။

မျက်ဝန်းဝိုင်းဝိုင်းလေးတွေနဲ့ မျက်ရည်ကြည်တွေပြီးနောက် နီရဲနေတဲ့ နှာခေါင်းထိပ်လေး။

" လာ ငါမင်းကိုစောင့်နေတာ "

နေသက်နွေး ရင်ထဲဆက်ခနဲ။ တစ်စုံတစ်ယောက်က သူ့ကို စိတ်ရှည်လက်ရှည် စောင့်နေတာမျိုး ဘယ်တုန်းကမှ မရှိဖူးပါချေ။

" အမေက မင်းတစ်ယောက်တည်းဆို မစားရဲမှာဆိုးလို့ အတူတူစားခိုင်းတာ မင်းကထွက်ကို မလာဘူး "

ထို့နောက် တိုးတိုးစွာ" ကြွက်နဲ့တူတယ် " ဟူ၍ပြောလာ၏။

နေသက်နွေး အဲ့လူနောက် ကုတ်ကုတ်လေး လိုက်သွားရင်း ရုတ်တရက် ရှေ့က လူက ရပ်လိုက်တာကြောင့် နဖူးနဲ့ကျောပြင်တိုက်မိပြီး သူခြေတောင် ယိုင်သွားရသေးသည်။

" နာမည်ဘယ်လိုခေါ်တုန်း "

" နေ .... နေသက် .... "

" နေသက် .... ဘာဖြစ်တယ် "

အဲ့လူက ခေါင်းကို စောင်းပြီးနားကို စွင့်လိုက်ဟန်ပြု၏။

နေသက်နွေး ခေါင်းကို တစ်ချက်စောင်းခနဲ ပြုပြီးနောက် ခုနကထက် နည်းနည်းလေး ကျယ်တဲ့အသံနဲ့ အားစိုက်ပြောလိုက်၏။

" နွေး "

***

အခန်း ( ၃)

နေသက်နွေး နေသက်နွေး နေသက်နွေး နေသက်နွေး နေသက်နွေး နေသက်နွေး နေသက်နွေး နေသက်နွေး ဆန်စက်ထဲကို စတင်ရောက်တဲ့အချိန် အားလုံးရဲ့အကြည့်တွေက သူ့ထံတွင်သာ။

အကြောဆွဲသလိုမျိုး ခေါင်းလေး မိနစ်ခြား တစ်စောင်းစောင်း သွားတတ်ပြီး မျက်စံလေးတွေ ကလည်ကလည် ဖြစ်နေတဲ့ နေသက်နွေးရဲ့ပုံစံအားလုံးရဲ့အမြင်ကို ဖမ်းစားထားသလိုမျိုး။

" အလုပ်သမားခေါင်းဆောင်က လွဲရင် ကျန်တဲ့သူတွေ ကိုယ်လုပ်စရာရှိတာကို လုပ်ကြ "

နေသက်နွေးရှိရာဆီ လှည့်နေတဲ့ခေါင်းတွေ အားလုံး တစ်ဖက်ကို လှည့်သွားကြလေသည်။

အလုပ်သမားခေါင်းဆောင်က ခပ်လတ်လတ် လူငယ်တစ်ယောက်ဖြစ်ပြီး အသားညိုညိုစိုစိုလေး။

" ကြီးကြီးမြင့် သူက "

" အေး၊ အလုပ်သမား စာရင်းကို ဒီကလေးကိုင်မှာ၊ တစ်နေ့တာ ဆင်းမဲ့လူစာရင်းနဲ့ လက်မှတ်ကို ဒီကလေးဆီမှာထိုးခိုင်း "

နေသက်နွေးရဲ့ပုံစံကသိပ်ကို အားနည်းတဲ့ ပုံပေါက်ပြီး၊ ကုတ်ကုတ်လေးဖြစ်တာမို့ ယောကျာ်းအရင့်မာတွေကြား နုနုရွရွကလေး။

" အစ်ကို့နာမည်က အောင်သန့်စင်၊ ကိုသန့်စင်လို့ ပဲခေါ်နော် "

နေသက်နွေးက ခေါင်းညိတ်ပြတော့ ကိုသန့်စင်က ခေါင်းလေးကို ခပ်ဖွဖွ လေးပုတ်လာ၏။ နေသက်နွေး ဖက်လေးပုခနဲ ဝင်သွားပြီး နားရွက်ထိပ် လေးတွေ စတင်နီရဲလာသည်။

နေသက်နွေးရဲ့ စရိုက်က အေးဆေးသည်။ သူကအပြောင်းလဲ လုပ်ရတာ မျိုးထက်၊ အလုပ်တစ်ခုကိုပဲ ထပ်ကာ၊ ထပ်ကာ၊ လုပ်နေရတာမျိုးကို သဘောကျလူမျိုးပင်။

အလုပ်သမား နာမည်စာရင်းနဲ့၊ ကဒ်တွေကိုညီတူ၊ ညီမျှဖြစ်မဖြစ် စိုက်ကြ ည့်ရင်း သူက ဘေးပတ်ဝန်းကျင်ရဲ့ လှုပ်ရှားမှု၊ အသံတွေကိုပါ အာရုံထဲက ပျောက်ကွယ်သွားစေ၏။

စားပွဲရှည်ရဲ့ ခုံတစ်ခုနောက်မှာ ကျောမှီခုံပေါ်ထိုင်ရင်း နေသက်နွေးက တစ်တောင်လောက် အရွယ်ရှိတဲ့ စာရင်းတွေကြား ခေါင်းမြှုပ်နေလေသည်။

သူ့ရဲ့ လှုပ်ရှားမှုတိုင်းက သိပ်ကိုနှေးကွေး၏။ တစ်ခါတလေဆို လုပ်နေ လား၊ မလုပ်နေဘူးလားတောင် ခွဲခြားမရအောင် ထိနှေးပေမဲ့ သေသပ်မှု တော့ ရှိသည်။

နာရီပေါင်းများစွာကြာမှ စာရွက်တစ်ရွက်စာ၊ စာရင်းပြီးမြောက်ပေမဲ့၊ လူ ဘယ်နှယောက် ပြန်စစ်စစ် အမှားရှာမရသလို၊ နေသက်နွေးရဲ့ လက်ရေးက လည်း၊ လပြည့်ညရဲ့လဝန်းလေးလိုမျိုး ညီညာဝိုင်းစက် နေလေသည်။

သူ့ဘေးက လူတွေအားလုံး လှုပ်ရှားနေပေမဲ့ နေသက်နွေးကတော့ စာရင်း တွေကို အာရုံစူးစိုက်နေရင်း၊ ငြိမ်သက်နေ၏။

တစ်ခါခါဆက်ခနဲ၊ ဆက်ခနဲ စောင်းစောင်းသွားတက်တဲ့ ခေါင်းလေးရဲ့ လှုပ်ရှားမှုကလွဲရင်။

"သက်နွေး၊ နေ့လယ်စာ စားမယ်လေ"

အောင်သန့်စင်ရဲ့ စကားကြောင့် နေသက်နွေးရဲ့ မျက်ဝန်းဝိုင်းဝိုင်းလေးတွေက ပြူးကျယ်သွား၏။

မျက်တောင် ကော့ကော့လေးတွေ အပေါ်တက်သွားပြီး မျက်စံနက်နက်လေးက လှုပ်ရှားသွားတိုင်း မြင်ရသူအဖို့ တို့ထိချင်စရာ ကောင်းလွန်းသည်။

" ထ.... ထမင်းချိုင့် ......"

ဗုန်း ....

ခုံပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ရောက်လာသည့် ထမင်းချိုင့်ကြောင့် နေသက်နွေး မပြောနဲ့ အောင်သန့်စင်တောင် တုန်သွားရသည်။

မော့ကြည့်တော့ ကျော်ဇေယံထွဋ်က ဆိုင်ကယ်စီးဦးထုပ်ကို စောင်းထားပြီး သိပ်မကောင်းတဲ့ မျက်နှာနဲ့။

" ထမင်းချိုင့်မယူသွားပဲ၊ စက်က ဆန်တွေစားမို့လား၊ လူကြည့်တော့ ဖြူဖျော့ဖျော့နဲ့ မိုက်ဆာပြီး မူးလဲသွားရင် ဘယ်လိုလုပ်မလဲ "

ကျော်ဇေယံထွဋ်ရဲ့ အသံကြည်လင်ပြီး ပြတ်သား၏။ သူစကားပြောတဲ့အခါ ရှင်းလင်းပြီး ပြတ်ပြတ်သားသားဆန်တာမို့ စကားပြောက တင်းနေသလိုမျိုး။

နေသက်နွေးခေါင်းကို ငုံ့လိုက်မိသည်။

" မေ့ မေ့ သွား တာ "

" ပါးစပ်ဟ ကြည့်ပါဦး၊ မင်းသွားသုံးဆယ့်နှစ်ချောင်းတောင် ပါလာခဲ့ရဲ့လားလို့ "

ကျော်ဇေယံထွဋ်ရဲ့ စကားကြောင့် နေသက်နွေး လျှာထိပ်လေးနဲ့ သွားသွားတွေကို စမ်းလိုက်မိသည်။ ၊ ကြဲနေတဲ့ နေရာတွေ မရှိဘူးဆိုမှ သူ

သက်ပြင်းချနိုင်၏။

အောင်သန့်စင်ကတော့ ခေါင်းကုတ်ရင်း စဥ်းစားနေမိသည်။ ကိုကိုကြီးက ဆန်စက်ကို လာခဲ၏။

တိုက်နယ်ဆေးရုံရဲ့ လက်ထောက်တစ်ယောက်ဖြစ်ပြီး၊ နားရက်တွေ တောင် အကူ လိုက်ဝင်ပေးရင်း၊ ကိုကိုကြီး အလုပ်တွေ အရမ်းရှုပ်နေတတ်တာပင်။

အောင်သန့်စင်က သူတို့ထမင်းဝိုင်းကို ပြန်သွားပေမဲ့၊ ကျော်ဇေယံထွဋ်ကတော့ အဲ့အနားမှာ ရပ်နေခဲ့တုန်းမို့ နေသက်နွေးကလည်း ခေါင်းကိုင့်ထားပြီး၊ ထမင်းချိုင့်ကို မထိရဲသေးပေ။

သူခေါင်းလေး တစ်ချက်ချက် စောင်းရင်း ဘာပြောရမှန်းလည်းမသိ။

အဲ့အချိန်မှာပဲ 'ကလပ်' ဆိုတဲ့ချိုင့်ဖွင့်သံကြောင့် မော့ကြည့်လိုက်တဲ့အခါ ချိုင့်အဆင့်တွေကို ဖြုတ်ပေးနေတဲ့လူကို မြင်လိုက်ရ၏။

တောသားပေမဲ့ ဆရာဝန် ဖြစ်လို့လားမသိ၊ အဲ့လူရဲ့လက်တွေက ဖွေး၏။ အကြောစိမ်းစိမ်းတွေကိုပင် ဖောက်ထွင်းပြီး မြင်နေရသည်။

" ခွဲ့ကျွေးဖို့ လိုသေးလား "

" ရ. .... ရ...... ရပါတယ်.... "

နေသက်နွေး အလန့်တကြား ငြင်းတဲ့အခါ အဲ့လူက "ရွဲ့ပြောနေတာကိုများ " တဲ့။

ထို့နောက် နေသက်နွေးရဲ့ ရှေ့ကို ထမင်းချိုင့် တွန်းပေးလာခဲ့သည်။

ထမင်းကိုဇွန်းနဲ့ ငုံ့စားနေရင်း၊ လှည့်ထွက်သွားတဲ့ လူက သူ့ရှေ့ ရောက်လာကာ ထပ်ပြော၏။

" သက်နွေးမို့၊ သက်ထွေးတာဆို၊ မင်းကသေးထွက်ပဲ " တဲ့။

နေသက်နွေး စကားအဓိပ္ပာယ်အား မသိသလို ကြောင်တောင်တောင်လေး မော့ကြည့်လိုက်မိ၏။

မျက်လုံး ဝိုင်းဝိုင်းလေးတွေနဲ့၊ တဖျပ်ဖျပ်ခတ်နေတဲ့ မျက်တောင် ကော့ကော့လေးတွေက သူတောင် မသိလိုက်ပဲ တပါးသူရဲ့ နှလုံးသားကို ကျီစယ်နေသလိုမျိုး။

ခေါင်းလေးတစ်ချက် စောင်းလိုက်တိုင်း အိခနဲ ဖြစ်သွားတတ်တဲ့ ဆံနွယ် အိအိလေး။

လည်ချောင်းယားသွားလို့နဲ့ တူသည်။ အဲ့လူက ချောင်းတစ်ချက် ဟန့်ကာ အပြင်သို့ ထွက်သွား၏။

နေသက်နွေး ထမင်းချိုင့်မှာပါတဲ့ ဟင်းကို ကြည့်လိုက်တဲ့အခါ အရွက်ကြော်နဲ့ အသားဟင်းဖြစ်သည်။

အလုပ်သမားတစ်ယောက်ကို ကျွေးတဲ့ဟင်းက သိပ်ကို သားနားလွန်းသည်။ အိမ်မှာဆို အမေကသူ့ကို ဘဲဥအမြဲကျွေးလေ့ရှိသည်။

ပြုတ်လိုက်၊ ကြော်လိုက်နှင့်။

ဉာဏ်ကောင်းပြီး၊ အရပ်ရှည်အောင်ဆိုပြီး အဲ့လိုအမြဲ ကျွေးတာကြောင့် နေသက်နွေးက မကြိုက်ရင်တောင်မှ စားလေ့ရှိသည်။

မိုးသက်စွေကတော့ အစကတည်းက ဉာဏ်ကောင်းလို့နဲ့ တူသည် ဘဲဥတွေ ခဏခဏမစားရချေ။

" သက်နွေး အစ်ကိုလိုက်ပို့ပေးရမလား"

အောင်သန့်စင်က ပြုံးစစနဲ့ နေသက်နွေးအနား ရောက်လာပြီး မေးလာ၏။ နီးကပ်လွန်းတာကြောင့် နေသက်နွေး အနောက်ကို နည်းနည်း ယိုင်သွားလေသည်။

" လာ လာ ကြိုမယ်လို့ အန် အန်တီမြင့်က ပြောထားတယ် "

" ဘာဖြစ်လည်း အစ်ကိုလိုက်ပို့ပေးတော့ရော "

ပခုံးပါးပါးပေါ် ရောက်လာတဲ့လက်ကြောင့် နေသက်နွေး ဆတ်ခနဲ တုန်ယင်သွားသည်။ သူကတစ်ပါးသူနဲ့ ထိတွေ့ဆက်ဆံမှု မရှိသလောက် နည်းပါးတာကြောင့် ဒီလိုမျိုး အခြေနေတွေက သူ့အတွက် အလွန်စိမ်းသက်နေ၏။

" နေသက်နွေး၊ မင်းကိစ္စမပြီးသေးဘူးလား "

" ဟာ ကိုကိုကြီး ရောက်နေပြီလားဗျ"

ကျော်ဇေယံထွဋ်ကို မြင်တာနဲ့ နေသက်နွေး ပခုံးပေါ်က လက်က ရုတ်ချည်း ပျောက်ကွယ်သွားကာ အနေအထားကလည်း အကွာဝေးတစ်ခုဆီ ရောက်သွားသည်။

ဆိုင်ကယ်နောက်ကျောကို မေးဆက်ပြတဲ့အခါ နေသက်နွေး ခပ်ကုတ်ကုတ်လေး ပြေးတက်ရှာ၏။

အဲ့လူဆီက ဆေးရုံနံ့က သိပ်ကိုပြင်းသည်။ ပြီးတော့ နောက်တစ်ချက်လှည့်ကြည့်လာပြီး ဆိုင်ကယ်ဒေါက်ကို ထောက်လိုက်၏။

ဆိုင်ကယ်ပေါ် ဘေးစောင်းထိုင်နေတဲ့ နေသက်နွေးရှေ့မှာ ရပ်လိုက်ပြီး၊ သူစောင်းထားတဲ့ ဦးထုပ်ကြိုးကိုဖြုတ်ပြီး နေသက်နွေးရဲ့ခေါင်းကို စွပ်ပေးလာခဲ့သည်။

အဲ့လူရဲ့အပူငွေ့နဲ့ ချွေးနံ့ဖျော့ဖျော့ နီးနီးကပ်ကပ်ကြီးကို ရှူရှိုက်လိုက်ရတဲ့ အခိုက်တန့်ပေ့ါ။

ပြီးနောက် ဆိုင်ကယ်ဦးထုပ်ပေါ်ကနေပဲ ခေါင်းကိုပုတ်၏။

" သေးထွက်ပြုတ်ကျရင်၊ ခေါင်းမနာတော့ဘူး "

သေးထွက်ဆိုတဲ့ နာမည်ကြီးက ဆိုးလွန်းသည်။ နေသက်နွေး သဘောမကျပါချေ။

" နေ နေ သက် "

စကားကို မထစ်အောင်ပြောဖို့ ကြိုးစားပေမဲ့ နောက်ဆုံးကျရင် အဲ့လိုပဲ အမြဲတမ်း။

နောက်ဆုံးနာမည်ကို၊ အားယူရင်း နေသက်နွေးပြောလိုက်၏။

" နွေး .... "

အဲ့လူက သူ့ခေါင်းကို တစ်ချက်ထပ်ပုတ်ပြန်သည်။ ပြီးတော့ မကြားတကြား ခပ်ဖွဖွလေး ပြောလာ၏။

" ငါသိသားပဲ " တဲ့။

***

အခန်း ( ၄)

ဆိုင်ကယ်ရဲ့ အရှိန်က ပုံမှန်စနစ်နဲ့ငြိမ့်ငြိမ့်ကလေး ကတ္တရာလမ်းမတွေအပေါ် ပြေးဆွဲနေ၏။ ဆိုင်ကယ်ရဲ့အရှိန်က ပုံမှန်စနစ်နဲ့ ငြိမ့်ငြိမ့်ကလေး ကတ္တရာလမ်းမတွေအပေါ် ပြေးဆွဲနေ၏။ နံဘေးကနေ ဖြတ်ကျော်လာခဲ့တဲ့၊ လူ၊ သစ်ပင်၊ ချောင်းကြီး၊ ချောင်းငယ်တွေ အားလုံး နေသက်နွေးက ငြိမ်ငြိမ်လေးပဲ လိုက်ငေးကြည့်နေလေသည်။

ရုတ်တရက် ဆိုင်ကယ်က ခလုတ်တစ်ခုကို သွားတိုက်မိတော့ ငြိမ့်ခနဲဖြစ်ပြီး အကွာအဝေးက ပိုပြီးနီးကပ်သွားရော။

" ဒီဘက်လမ်းတွေက နည်းနည်းကြမ်းတယ်၊ မင်းသေချာကိုင်ထားနော် "

အဲ့လိုပြောပြီး စောစောလေးက အရှိန်ထက် ပိုမြန်တော့ နေသက်နွေး ဆိုင်ကယ်အမြီးက လက်ကိုင်ကို တင်းနေအောင် ဆုပ်ထားလိုက်မိသည်။

နွေရာသီဖြစ်တာမို့ ညနေ၄နာရီ အချိန်ဆိုတာ နေအပူရှိန် ရှိနေသေး၏။ လမ်းဘေး အအေးဆိုင်လေးတွေကတော့ လူတစ်ယောက်စ၊ နှစ်ယောက်စ ရှိနေတုန်းပင်။

ဆိုင်ကယ်ကို ခြေတစ်ဖက်ထောက်ရင်း နောက်လှည့်ပြီး အဲ့လူကမေးလာသည်။

" မင်းအအေးသောက်ဦးမလား"

'သင့်လျော်သလို 'စီစဉ်မှုတွေကြား နေသားကျခဲ့မို့လို့ 'မလား 'ဆိုတဲ့ရွေး

ခြယ်မှု ဝါကျတွေတိုင်းက နေသက်နွေးအတွက် စိမ်းသက်နေတုန်းပင်။

အသေးအမွှား ကိစ္စလေးတွေဆိုပေမဲ့ သူလူမှန်း သိတတ်စကတည်းက ဘယ်လို ရွေးချယ်မှုမျိုးမှ မလုပ်ခဲ့ရချေ။

" ဟေး သေးထွက်.... "

ထပ်ခေါ်ပြန်ပြီ။ နေသက်နွေးခေါင်းလေး စောင်းသွားပေမဲ့ အကြည့်ကို ထပ်လွှဲ လိုက်မိသည်။

အဲ့လူကတော့ရယ်၏။

" ဇီးဖျော်ရည်သောက်ကြည့်၊ အပေါ်က ဆေးကုလားမလေးတွေက အရမ်းကောင်းတယ် "

ဖျော်ရည်နီနီတွေပေါ်ဝဲနေတဲ့ မည်းမည်းအခဲလေးတွေက နေသက်နွေးရဲ့ စိတ်ကလေးကို ပြန်ခေါ်ပေးခဲ့သည်။

ဆိုင်ရှင်က ဖျော်ရည်နီနီတစ်ခွက်ကို အဲ့လူကို အရင်လာချပေးသည်။

"ဆရာလေးရေ၊ ရေခဲကုန်နေလို့ ဒီနားလေးတင်သွားဝယ် ခဏနော် "

ပိုက်ကို တစ်ချက်မွှေပေးပြီး အဲ့လူက ဖျော်ရည်ခွက်ကို သူ့ဘက် တွန်းပို့ပေး၏။

" ကျွန်တော့်ကို ရေတစ်ခွက် အရင်ပေးပါဗျ "

ဆိုင်ရှင်က ရေတစ်ခွက် လာချပေးတော့ တစ်ကျိုက်တည်းနဲ့ မော့သောက်ပစ်လိုက်တာ ခဏလေးပင်။ သူတော်တော်လေး ရေဆာနေတဲ့ပုံ။

" သောက်လေ၊ ဘာလို့လဲ "

နေသက်နွေး ပိုက်သေးသေးလေးကို ငုံပြီး တစ်ချက်စုပ်လိုက်သည်။ ချိုပြီး ချဉ်မြမြ အရသာလေးနဲ့ လည်ချောင်းတစ်လျှောက်စီးဆင်းသွားပြီး ရင်ထဲအထိ အေးချမ်းစေ၏။

" ငါညကျရင်၊  ဟိုဘက်ရွာမှာ ကလေးတစ်ယောက် သွားကြည့်ပေးစရာ ရှိတယ်၊ မင်းလိုက်မလား "

သက်နွေး ပိုက်ငုံထားလျက်နဲ့ပဲ မျက်လုံးဝိုင်းဝိုင်းလေးနဲ့ မော့ကြည့်တော့ အဲ့လူက ဘာမှမရှိတဲ့ ရေခွက်ကြီးကို ကောက်မော့နေလေသည်။

သတိထားမိတဲ့ပုံလည်း မပေါ်ဘူး။

" လိုက်၊  လိုက်ပါ့မယ် "

နေသက်နွေးရဲ့ ဖျော်ရည်မကုန်ခင် ရေခဲထပ်ရောက်လာပြီး ဆိုင်ရှင်က မြန်မြန်လေးပဲ ဖျော်ပေးပြီး နေသက်နွေးတို့ ဝိုင်းကို လာချပေးဘေသည်။

အချိန်အကြာကြီးအထိ အဲ့လူရဲ့ ဖျော်ရည်က မကုန်သေးဘူး။ နေသက်နွေး ပြီးသွားတော့မှ ပိုက်ကိုဖယ်ပြီး တစ်ကျိုက်တည်း မော့သောက်လိုက်၏။

" မင်းပြီးရင် ပြန်ရအောင်လေ "

ဆိုင်ကယ်ဦးထုပ်လေး ပိုက်ထားလျက်နဲ့ပဲ နေသက်နွေးက ထရပ်လိုက်သည်။ အဲ့လူကတော့ ဆိုင်ရှင်နဲ့ ပိုက်ဆံရှင်းပြီးတာနဲ့ ဆိုင်ကယ်ရှိရာဆီ ရောက်လာလေသည်။

" ဦးထုပ်စောင်းလေ "

" ကြိုး...... ကြိုး မချည်....မချည်တတ်လို့"

နေသက်နွေးက ခေါင်းလေးစောင်းသွားပြီး မျက်နှာကို အောက်ငုံ့ချထားမိသည်။ နားရွက်လေးတွေ ကုတ်ကုတ်လေးတွေတောင် ဖြစ်နေ၏။

ရုတ်တရက် သူ့မေးဖျားကို အဲ့လူက ပင့်တင်လာသည်။။ ခေါင်းမော့သွားတဲ့အခါ မျက်လုံးချင်းဆုံတိုင်း အကြည့်ကို လွှဲလွှဲသွားပြန်သည်။

ပြီးနောက် ဦးထုပ်ကို ခေါင်းကိုစွပ်ချပေးရင်း ကြိုးတပ်ပေး၏။ 'ကလစ် 'ခနဲ အသံမြည်သွားတဲ့ အခါ ခေါင်းကိုလှုပ်တဲ့အထိ ပုတ်ပြန်သည်။ ပြီး

နောက် ပြောလာ၏။

"အိမ်ပြန်ကြစို့ "

သူတို့ အိမ်ပြန်ရောက်တော့ ၅နာရီတောင်ထိုးနေပြီ၊ အန်တီမြင့်က ထမင်း၊ ဟင်းချက်နေတုန်းပဲ။

ယပ်တောင်တကားကားနဲ့ မီးဖိုဘေးတော်တော်လေး ဒုက္ခရောက်နေရှာသည်။

နေသက်နွေး ခြေလှမ်းပြင်လိုက်ရုံ ရှိသေး ကော်လာစကနေ အဲ့လူကပြန်ဆွဲသည်။

" ဘာသွားရှုပ်မလို့လဲ၊ ရေအေးအေးလေးသောက်ပြီး ရေချိုးတော့လေ "

ထမင်းအိုးလောက်ကတော့ သူတည်တတ်ပါတယ်၊ တစ်ခါလေးပဲ အပူလောင်ဖူးပေမဲ့ နောက်ကျ အဆင်ပြေသွားတာပင်။

နေသက်နွေး ခေါင်းလေးစောင်းပြီး အဲ့လူကိုမော့ကြည့်တော့ အန်တီမြင့် ဆီကိုရောက်သွားပြီး စကားတွေ သွားပြောနေပြန်သည်။

နေသက်နွေးလည်း ရေချိုးဖို့ ပြင်ရတော့သည်။ အလုပ်ကြမ်းတော့ မဟုတ်ပေမဲ့ ဆန်စက်ကထွက်တဲ့ ဖွဲမှုန်တွေက အသားသိပ်ယား၏။

နေသက်နွေးရဲ့ အဝတ်မဖုံးမိတဲ့ လည်ပင်းတို့၊ လက်ဖမိုး လိုနေရာတွေကို အဖုပိန့်လေးတွေတောင် ထွက်နေပြီ ဖြစ်သည်။

" သက်နွေးရေ၊ အဲ့မှာစိမ်ထားတဲ့ သားကိုကိုကြီး အဝတ်လေးတစ်ထည် လျှော်ပေးလိုက်ပါဦး"

နေသက်နွေးက အမူအရာသာ ပြလိုက်ပြီး စိမ်ထားတဲ့ အဝတ်တစ်ထည် ဆိုတာကို ကြည့်လိုက်တော့ အတွင်းခံဘောင်းဘီ ဖြစ်နေ၏။

နေသက်နွေး ခေါင်းလေးစောင်းပြီး စဖြန့်မယ်ရှိသေး လက်ထဲကနေ ဆွဲ

လုခံလိုက်ရသည်။

" လူကြီးပစ္စည်းကို ကလေးတွေ မထိရဘူး "

စဥ့်အိုးဘောင်ပေါ် တင်ပါးလွှဲဖွဖွလေးထိုင်ပြီး အဲ့လူကသူ့ကို ငုံ့ကြည့်ရင်း ပြော၏။

" ပြန် ...... ပြန်ပေး အန်တီ မြင့်....လျှော် ....လျှော်ခိုင်းတယ် "

နေသက်နွေးက ခေါင်းလေးတစ်ချက် စောင်းရင်း ပြောတော့ အဲ့လူက ဘောင်းဘီကို ဒီအတိုင်း ရေဆေးပြီးညှစ်ပြီး တန်းပေါ် လှန်းလိုက်ချေသည်။

ပြီးတော့ သူ့ဘက်လှည့်ပြီး ပြောလာ၏။

" တွေ့လား ပြီးပြီ "

" နှစ်ယောက်သား ဂရုစိုက်နော် "

အန်တီမြင့်ကတော့ မိုးချုပ်ကြီး လွှတ်ရတာဆိုတော့ စိတ်ပူနေ၏။ ဆိုင်ကယ် စက်နှိုးသံက ပတ်ဝန်းကျင်ကို လွှမ်းခြုံသွားပြီး ခပ်လှမ်းလှမ်း ရောက်တဲ့အခါ အန်တီမြင့်ရဲ့ အရိပ်ကလည်း အမှောင်ထဲပျောက်ကွယ် သွားလေသည်။

အမှောင်ယံထဲ ဆိုင်ကယ်မီး ဝါကြန့်ကြန့်အရောင်က အရှေ့အရပ်ကို ပိုပြီး ထင်ရှားစေသည်။

သိပ်မမောင်းလိုက်ရပဲ အိမ်တစ်အိမ်မှာ ဆိုင်ကယ်ရပ်လိုက်တယ် ဆိုရင်ပဲ၊ ကလေးငိုသံကို အကျယ်ကြီးကြားလိုက်ရ၏။

" ဆရာရယ်၊ ကလေးကရက်သားပဲ ရှိသေးတာရယ်၊ ခဏခဏငိုနေတာ "

ဆေးအိတ်ကို ကူသယ်ပေးရင်း ကလေးအဖေကတော့ စိတ်ပူဟန်နဲ့ စကားတွေအများကြီး ပြောနေသည်။

ဆိုလာမီးဖျဖျကြောင့်၊ အိမ်ထဲ အလင်းရောင်က ထိန်နေလေသည်။

ကလေးကို ဂရုတစိုက် ကြည့်ရှုနေစဥ် အဲ့လူရဲ့ အမူအရာက သိပ်ကို တည်ငြိမ်နေခဲ့သည်။

နှာတံဖြောင့်ဖြောင့်၊ နဖူးပြင်ကျယ်ကျယ်၊ မထူမပါးနှုတ်ခမ်းတစ်စုံ။ အဲ့လူကကြည့်ကောင်းတဲ့ ယောကျ်ားတစ်ယောက်ပင်။

" ချက်က အစိုပဲရှိနေသေးတော့၊ ချက်ကိုက်နေတာပါ၊ မနက်ဖြန်ကျွန်တော်ဆေးရုံက သားဖွားဆရာမကို အကူညီ တောင်းပေးပါ့မယ် "

" ကျေးဇူးတင်ပါတယ် ဆရာရယ် "

ကလေးအမေကတော့ လူးနေတဲ့ဆေးတွေ ဘာတွေထုတ်ပြရင်း၊ သုံးသင့်၊ မသုံးသင့် မေးမြန်းတော့၊ ကျော်ဇေယံထွဋ်က အဆင်ပြေကြောင်းပြော၏။

ရုတ်တရက် နေသက်နွေးရဲ့ အောက်နှုတ်ခမ်းကို ဆွဲပြီး ပါးစပ်ထဲကို ဆေးမှုန်အချို့ကို သူ့လက်နဲ့ခွံ့လာသည်။

ချိုမြမြ၊ ဆေးအရသာက လျှာဖျားမှာ စွဲသွားတာကြောင့် နေသက်နွေးမျိုချလိုက်တော့၊ တစ်ဖက်ကို လှည့်သွားတဲ့ လူဆီက ရယ်သံတိုးတိုးလေးကို ကြားလိုက်ရလေသည်။

" ကဲ၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်၊ ကလေးကတော့ စိတ်မပူရပါဘူး၊ ချက်ကိုက် တာကတော့ ပုံမှန်ပါပဲ၊ ချက်ကြိုး ကြွေသွားရင်တော့ အဆင်ပြေပါပြီ "

အိမ်အရှေ့အထိ လိုက်ပို့ပေးတဲ့ ကလေးအဖေအပေါ် ပြန်တက်သွားတဲ့အခါကျမှ နေသက်နွေးတို့ ဆိုင်ကယ်စက်နိုးရင်း ထွက်လာခဲ့ကြသည်။

ချိုမြိန်မြိန် ဆေးအရသာက ပါးစပ်ထဲ စွဲနေတုန်းဖြစ်ပြီး၊ ဘာဆေးလည်းနေသက်နွေးသိပ်ကို သိချင်နေခဲ့တာပင်။

ညလေက အေးတာကြောင့်၊ မျက်နှာကို အဲ့လူရဲ့ကျောပြင်မှာ ကပ်ထား

လိုက်မိသည်။ တယော်ကင်ပွန်းနဲ့ လျှော်ထားတဲ့ အဲ့ရဲ့ဆံပင်အနံ့က လတ်လတ်ဆတ်ဆတ်လေး။

ခေါင်းလေးစောင်းသွားတဲ့အခါ အဲ့လူရဲ့ကျောပြင်နဲ့ နေသက်နွေးရဲ့ ပါး သွားရိုက်မိတော့ "အိပ်ငိုက်နေပြီလား " တဲ့။

နေသက်နွေးက "ဟင်အင်း " ဆိုပြီးဖြေတော့ ဘာမှဆက်မမေးတော့ချေ။

ဆိုင်ကယ်က ခြံဝိုင်းထဲကွေ့ဝင်ပြီးတာနဲ့ အိမ်ရှေ့ကို တန်းရောက်သွား၏။ နေသက်နွေး မတ်တတ်ရပ်နေတုန်း၊ ဆိုင်ကယ်ဒေါက်ထောက်ပြီး၊ ဦးထုပ်ကြိုးကို ဖြည်ပေးသည်။

" ခြေလက်ဆေးပြီးအိပ်တော့ "

ဆိုင်ကယ်ဦးထုပ်ကို ချွတ်ယူပြီး နေသက်နွေးရဲ့ ဆံပင်တွေကို ပွတ်သပ်ပြန်သည်။

" ခု......ခုနက......ဘာ... ဆေး ဘာဆေးလည်းဟင် "

နေသက်နွေးရဲ့ မျက်ဝန်းတွေက အမှောင်ယံထဲ တစ်ပွင့်တည်း အားနဲ့မာန်နဲ့ လင်းလက်နေတဲ့ ကြယ်ပွင့်လေးလိုပဲ။

ခေါင်းလေးစောင်းမယ်ကြံရုံရှိသေး ကျော်ဇေယံထွဋ်၊ နေသက်နွေးရဲ့ ခေါင်းကို လှမ်းထိန်းလိုက်၏။

ကျယ်ပြန့်တဲ့ လက်ဖဝါးတစ်အုပ်မှာ နေသက်နွေးရဲ့ ခေါင်းလေးမှာ လှုပ်မရ၊ ရှားမရ။

ပြီးတော့ ပုံမှန်မျက်နှာထားနဲ့ပဲ ပြောလာသည်။

" အဲ့တာကလေးအမေတွေ နို့မထွက်ရင်သောက်တဲ့၊ နို့လှိုင်ဆေး "

" အဲ့......အဲ့တာ....ဆို...... "

" မင်းဆီက ချိုချိုတွေထွက်တော့မယ်"

"........."

နေသက်နွေး ငိုင်ကျသွား၏။ ခေါင်းလေးစောင်းရင်း၊ စောင်းရင်းအိပ်ခန်းထဲ ဝင်သွားပုံက ပခုံးလေးနှစ်ဖက်ပါ ကိုင်းပြီးကျုံ့ကျုံ့လေး။

နေသက်နွေးအခန်းထဲ ရောက်တာနဲ့ မှန်ရှေ့အဝတ်ကို လှန်ပြီးရင်ဘတ်ကို ငုံ့ကြည့်လိုက်မိသည်။ နီရဲနေတဲ့အစွေ့ ပိစိလေးက အဲ့အတိုင်း ဘာပြောင်းလဲမှုမှမရှိသေး။

ချိုမြတဲ့ ဆေးအရသာကတော့ လျှာထိပ်လေးမှာ ရှိနေတုန်းပင်။

" အဟင့်....အ... အမေရေ......"

နေသက်နွေးငို၏။ မျက်လုံးဝိုင်းဝိုင်းတွေဆီက မျက်ရည်ပိုးပိုးပေါက်ပေါက် ကျတဲ့အထိ။

ကျော်ဇေယံထွဋ်ကတော့ ကြောင်အ သွားရသည်။ အနားနား ကပ်လာပြီး ရင်ဘတ်ကို ဆွဲချပြီးမေးလိုက်၏။

" ဘယ်နား ကနာလို့လဲ "

" နို့ ...... နို့တွေထွက်ရင်...... အဟင့် ဟင့်"

ရတ်တရက်ပဲ သူ့ပါးနှစ်ဖက်ကို ဆုပ်ကိုင်လာသည်။

" အဲ့တာလျက်ဆားတွေ၊ ငါမင်းကို နောက်လိုက်တာ "

သူ့ကိုနောက်ပြီးတိုင်း မမြင်အောင် ရယ်တတ်တဲ့လူက အဲ့အချိန်မှာ ရယ်မနေခဲ့ပါချေ။

" တ......တ....တကယ်နော်.... "

အသံနဲ့တောင် မဟုတ်ပဲ အဲ့လူက ခေါင်းညိတ်ပြလာသည်။ ပြီးတော့ နေသက်နွေးရဲ့ပါးပြင်ပေါ်က မျက်ရည်စက်တွေကို ဖွဖွလေးသုတ်ပေး၏။

အငိုတိတ်သွားပြီဆိုတော့မှ အဲ့လူက အပြင်ကို ထွက်ဖို့ပြင်သည်။ အခန်းဝ ရောက်ပြီးတော့ နောက်ပြန်လှည့်ရင်း ပြော၏။

" နောက်တစ်ခါ ထပ်မငိုနဲ့ "

နေသက်နွေး အဖြေပြန်မပေးတော့ အပေါက်ဝကနေ ခါးထောက်ပြီး ထပ်မေးလေသည်။

" နောက်တစ်ခါထပ်ငိုရင် ငါမင်းကို ဘာလုပ်မယ်ထင်လဲ "

" မ. ....မသိဘူး..."

ဒီတစ်ခါလည်း သူစလို့ နေသက်နွေး ငိုမိတာလေ။

" ရိုက်မှာ၊ မင်းတင်ပါးကို "

အဲ့လူကတော့ ပြောပြီးထွက်သွားပေမဲ့ နေသက်နွေးရဲ့ ပါးနှစ်ဖက်က ပူကျစ်ပြီး ကျန်ခဲ့ရသည်။

***